ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၉၆ / ၂၀၁၇

နေပြည်တော်၊ ၁၃၇၉ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အကောက်ခွန်နှုန်းဥပဒေ (၁၉၉၂) ကို ၁၉၉၂ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါသည်။ ၎င်းဥပဒေအရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် "ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အမျိုးတူကုန်ပစ္စည်းခွဲခြားဖော်ပြ သတ်မှတ်သည့်စနစ် ၂၀၁၂ (WCO HS 2012 Amendment)" နှင့် "အာဆီယံအမျိုးတူ ကုန်ပစ္စည်းခွဲခြားဖော်ပြ သတ်မှတ်သည့်စနစ် ၂၀၁၂ (AHTN 2012 Amendment)" ကို အခြေခံသော မြန်မာ့အကောက်ခွန်နှုန်းစာရင်း၂၀၁၂ ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ယခင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန) ၏ အမိန့်ကြော်ငြာစာအမှတ် (၂၇၈/၂၀၁၁) ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

၂။ ကမ္ဘာ့အကောက်ခွန်အဖွဲ့သည် အမျိုးတူကုန်ပစ္စည်းခွဲခြားဖော်ပြသတ်မှတ်သည့် စနစ် ပြင်ဆင်ချက်များ၂၀၁၇ကိုကမ္ဘာ့အကောက်ခွန်အဖွဲ့ဝင်နိုင်ငံများသို့ ပေးပို့ခဲ့ပါသည်။ အလားတူပင် ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အမျိုးတူကုန်ပစ္စည်းခွဲခြားဖော်ပြသတ်မှတ်သည့်စနစ် ပြင်ဆင်ချက် ၂၀၁၇ ကို အခြေခံသော အာဆီယံအမျိုးတူကုန်ပစ္စည်းခွဲခြားဖော်ပြသတ်မှတ်သည့်စနစ် ၂၀၁၇ ကို ပြုစုအတည်ပြုပြီး ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံသည် ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံတို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သဖြင့် ယင်းတို့၏ ပြင်ဆင်ချက်များကို အခြေခံထားသော မြန်မာ့အကောက်ခွန် နှုန်းစာရင်း၂၀၁၇ ကို ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အမျိုးတူကုန်ပစ္စည်းခွဲခြားဖော်ပြ သတ်မှတ်ခြင်းသည် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community) တည်ဆောက်ရေးတွင် အာဆီယံနိုင်ငံများအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းတစ်ရပ်ဖြစ်သကဲ့သို့ အာဆီယံအကောက်ခွန်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာစီမံချက်တွင်လည်း ပထမဆုံးအချက်

အနေဖြင့်ပါဝင်သည့် အကောက်ခွန်ဆိုင်ရာလုပ်ငန်းရပ်များတွင် အလွန်အဓိကကျသည့် အခန်းကဏ္ဍဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်၏ ပြည်ပကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးရေးနှင့် အာဆီယံဒေသအတွင်း ကုန်စည်ကူးသန်းရောင်းဝယ်မှုလွယ်ကူချောမွေ့စေရေးတို့ကို အထောက်အကူပြုစေရန်အတွက် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံအကောက်ခွန်နှုန်းဥပဒေ၊ ပုဒ်မ (၃) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် "ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အမျိုးတူကုန်ပစ္စည်းခွဲခြားဖော်ပြသတ်မှတ်သည့်ပြင်ဆင်ချက် (၂၀၁၇) (WCO HS 2017 Amendment)" နှင့် "အာဆီယံအမျိုးတူကုန်ပစ္စည်းခွဲခြားဖော်ပြသတ်မှတ်သည့်စနစ် ပြင်ဆင်ချက် (၂၀၁၇) (AHTN 2017 Amendment)" တို့ကိုအခြေခံ၍ ရေးဆွဲထားသော မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၁၇ (Customs Tariff of Myanmar 2017)ကိုမြန်မာနိုင်ငံနှင့်ကုန်သွယ်ခွင့် ပြုထားသောနိုင်ငံများအားလုံး ကျင့်သုံးဆောင်ရွက်ရန်အလို့ငှာ သတ်မှတ်ပြဋ္ဌာန်းလိုက်သည်။

၅။ ဤအမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းသတ်မှတ်ချက်သည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စ၍စတင်အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ဘဏ္ဍာ- ၅/ ၁ /၅ (၂၅၂၈/၂၀၁၇)
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး